**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့်အဖွဲ့**
**"သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း နောက်ဆုံးနှစ် ဒီပလိုမာလက်မှတ်ရစာမေးပွဲ"**
**ကျင်းပစစ်ဆေးနေသော နေပြည်တော်ကောင်စီနယ်မြေ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း**
**စာစစ်ဌာန သို့ သွားရောက်ကြည့်ရှုခြင်း**

**နေပြည်တော် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် (တနလ်ာ)နေ့**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြု/ သားဖွား/ နီးနွယ် သင်တန်းကျောင်းများတွင် သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများတွင် တစ်ပြိုင်နက်တည်းကျင်းပနေသည့် နောက်ဆုံးနှစ်ဒီပလိုမာ လက်မှတ်ရစာမေးပွဲ (National Comprehensive Examination) ကျင်းပစစ်ဆေးနေမှုကို ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများမှ နေပြည်တော် ကောင်စီနယ်မြေရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း **စာစစ်ဌာန** သို့ (၂.၁၂.၂၀၂၄) ရက်၊ တနလ်ာနေ့၊ နံနက်(၉:၀၀)တွင် သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စာစစ်ဌာန(၂၃)ဌာနတို့တွင် သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်း နောက်ဆုံးနှစ် ဒီပလိုမာ လက်မှတ်ရ စာမေးပွဲ သို့ ဝင်ရောက်ဖြေဆိုသူ သင်တန်းသား/သူ (၁၈၁၈)ဦးရှိပြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း စာစစ်ဌာနတွင် ဖြေဆိုနေသူ (၁၄၉)ဦးတို့အား ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများမှ စနစ်တကျ ဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။

အဆိုပါ သင်တန်းသား/သူများသည် (၂၀၁၉-၂၀၂၀) ပညာသင်နှစ် အတန်းတွင် စတင် တက်ရောက် သင်ကြားနေကြသူများဖြစ်ပြီး၊ ယခုကျင်းပသည့် National Comprehensive Examination တွင် သူနာပြု-သားဖွား တစ်ဦး မဖြစ်မနေ ပြည့်စုံရမည့် အရည်အချင်းများ ပြည့်ဝရန် လိုအပ်သည့် အဓိက သူနာပြု-သားဖွား ပညာရပ်ဆိုင်ရာ ဘာသာရပ်များ ဖြစ်သည့် မိခင်နှင့်ကလေး ကျန်းမာရေးသူနာပြုစုမှုပညာ၊ လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ၊ ပြည်သူ့ကျန်းမာရေးသူနာပြုစုမှု ပညာ၊ စိတ်ကျန်းမာရေးသူနာပြုစုမှုပညာနှင့် သူနာပြုစုမှုဆိုင်ရာကျင့်ဝတ်နှင့်ဥပဒေများ၊ သူနာပြု စီမံခန့်ခွဲမှုနှင့် သူနာပြုသုတေသနပညာ စသည့် ဘာသာရပ်များ ပါဝင်ပါကြောင်း၊ ရေးဖြေစာမေးပွဲကို (၂-၁၂-၂၀၂၄)ရက်နေ့မှ (၆-၁၂-၂၀၂၄) ရက်နေ့အထိ လည်းကောင်း၊ လက်တွေ့နှုတ်ဖြေ စာမေးပွဲကို (၉-၁၂-၂၀၂၄)ရက်နေ့မှ (၁၁-၁၂-၂၀၂၄)ရက်နေ့အထိ လည်းကောင်း ကျင်းပစစ်ဆေးမည်ဖြစ်ပြီး စာမေးပွဲ ဖြေဆိုအောင်မြင်သူ များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများသို့ ဆောလျှင်စွာ ဝင်ရောက် တာဝန် ထမ်းဆောင်၍ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု အရည်အချင်းပြည့်ဝစွာ ပေးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့်အဖွဲ့
“သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း နောက်ဆုံးနှစ် ဒီပလိုမာလက်မှတ်ရစာမေးပွဲ”
ကျင်းပစစ်ဆေးနေသော  နေပြည်တော်ကောင်စီနယ်မြေ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း စာစစ်ဌာန
သို့ သွားရောက်ကြည့်ရှုခြင်း

၂-၁၂-၂၀၂၄






ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့်အဖွဲ့
“သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း နောက်ဆုံးနှစ် ဒီပလိုမာလက်မှတ်ရစာမေးပွဲ”
ကျင်းပစစ်ဆေးနေသော နေပြည်တော်ကောင်စီနယ်မြေ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း စာစစ်ဌာန
သို့ သွားရောက်ကြည့်ရှုခြင်း

၂-၁၂-၂၀၂၄




